ထံဂုၤကီၢ်ဂၤကညီကရၢ

**International Karen Organisation**

Asia Pacific Region European Region US/Canada Region

---

# (၁၅.၁၀.၂၀၁၅)ရက်နေ့ NCAလက်မှတ်ထိုးခြင်းအပေါ် IKO၏ သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ-၁၄.၁၀.၂၀၁၅

(၁) အောက်တိုဘာလ(၁၅)ရက်နေ့တွင် NCA လက်မှတ်ရေးထိုးပွဲ အခန်းအနားတရပ်ကို နေပြည်တော်တွင် ပြုလုပ်နိုင်ခြင်းသည် ဦးသိန်းစိန်အစိုးရမှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖြိုခွဲခြင်း၏ ထင်ရှားသော သာဓကတခုဖြစ်သည်။

(၂) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအများစု၏ဆန္ဒကို ပြစ်ပယ်ပြီး ရရာတိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း အနည်းစုနှင့် ဖြစ်သလို NCA လက်မှတ်ရေးထိုးခြင်းမှာ **တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး**ခေါ် NCA ခေါင်းစဉ်နှင့် လိုက်လျောညီထွေမှုမဖြစ်သည့်အတွက် နိုင်ငံရေး ဂုဏ်သိက္ခာမရှိသည့်အပြင် တိုင်းပြည် အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး လမ်းကြောင်းဆီသို့ ဦးတည်သွားနိုင်မည် မဟုတ်ဟု IKO မှ ယုံကြည်သည်။

(၃) NCA လက်မှတ်ထိုးမည့် အချိန်တွင်ပင် တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်မှရှိထားသော တပ် များကို လျော့ချခြင်း စစ်ဆင်ရေးများရပ်စဲခြင်း မပြုသည့်အပြင် ကချင်တော်လှန်ရေးဒေသ၊ ရှမ်း တော် လှန်ရေး ဒေသများတွင်စစ်ဆင်ရေးတိုးမြှင့်ပြုလုပ်နေခြင်းကြောင့်ဒုက္ခသည်များတိုးပွားလာနေ သည်။ KNU ထိန်းချုပ်ရာဒေသတွင်လည်းစစ်အင်အားတိုးချဲ့ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်နှင့်လက်နက် ကြီးများ အလုံးအရင်းဖြင့် အင်အားဖြည့်တင်းလာခြင်းတို့ကြောင့် ဌာနေကရင်ပြည်သူလူထုများထွက်ပြေး တိမ်း ရှောင် နေကြ ရခြင်းသည်ဦးသိန်းစိန်အစိုးရ၏မီးစတဖက်ရေမှုတ်တဖက်ပေါ်လစီကို ထင်ဟပ်ပြနေ ခြင်းဖြစ် သည်။

(၄) NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြသော ထို KNU ခေါင်းဆောင်အုပ်စုတစုသည် ကရင်ပြည်သူလူထု အများစု၏ ဆန္ဒကို လျစ်လျူရှုသည်သာမက သမိုင်းဝင် KNU ခေါင်းဆောင်ကြီးများမှ ချမှတ်၍ အစဉ် လိုက်နာခံယူ ကျင့်သုံးခဲ့သော အခြေခံမူဝါဒနှင့် လုပ်ငန်းစဉ်များကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင် လိုက်ပြီးဖြစ်သည့် အတွက် သမိုင်းအစဉ်အလာကြီးမားသော KNU ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် ထိုက်တန်သူများ မဟုတ်ဟု IKO မှသဘောထားပါသည်။

(၅) KNU ၏ ကြီးမားသော သမိုင်းဂုဏ်ခေါင်းဆောင် မှုအစဉ်အလာကို ဆက်လက် ထိန်းသိမ်း ထားနိုင်ရေး အတွက် သမိုင်းဝင် KNUခေါင်းဆောင်ကြီးများမှ ချမှတ်ပေးထားသော တန်းတူမှု၊ တရားမျှတမှု၊ လွတ် လပ်မှုနှင့် တပ်ပေါင်း စုဖြင့် အောင်ပွဲခံရေး စသည့် မူဝါဒနှင့် လမ်းစဉ်များအပေါ် ခံယူလိုက်နာ ကျင့်သုံးကာ

တာဝန်ခံ လုပ်ဆောင်နိုင်မည့် ခေါင်းဆောင်ကောင်းများအား လက်ရှိ အခြေအနေက တောင်းဆိုနေပြီးဟု IKO မှ ယုံကြည်သည်။

(၆) သမိုင်းဝင် KNU ခေါင်းဆောင်ကြီးများမှ ချမှတ်ခဲ့သည့် မူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များသည် အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အပြည့်အဝ အာမခံချက်ရှိသည်ဟု IKO မှ အလေးအနက် ယုံကြည် ထားသည်ဖြစ်၍ ထိုမူဝါဒနှင့် လုပ်ငန်း လမ်းစဉ်များအပေါ် ခံယူကျင့်သုံးကာ ဆောင်ရွက်သော ခေါင်းဆောင်များ၊ တပ်မှူးတပ်သားများနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်သည်။

(၇) ထိုနည်းတူ တန်းတူရေး တရားမျှတရေး လွတ်လပ်ရေးနှင့် အမှန်တရားပေါ်ထွန်းရေးအတွက် လက်ခံယုံကြည်ကြသောပြည်တွင်း၊ နယ်စပ်တော်လှန်ရေးဒေသ နှင့်နိုင်ငံတကာရှိကရင်ပြည်သူများ၊ ကရင်လူမှုအဖွဲ့အစည်း များသည် **KNU၏ ပြောင်မြောက်သော အစဉ်အလာကောင်းကို ခိုင်မာစွာထိန်းသိမ်း၍ ရပ်တည်မှုမှန်ကန်သော KNU ခေါင်းဆောင်များအား** ဝန်းရံကာ တတတ်တအား ထောက်ခံအားပေးကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ဗဟို အလုပ်အမှုဆောင်ကော်မတီ
နိုင်ငံတကာ ကရင်အမျိုးသားအစည်းအရုံး (IKO)

Media Contacts-

- Mahn Orlando (Burmese&Karen) +61431 527267
- Naw Htooku Hsarsay (English&Karen) +44 114-249828, +44-794522425.
- Naw Myra Dahgaypaw (English&Karen) +1-718-207-2556.